# ဣရိယာပုထ် (၄) ပါး

ဣရိယာပုထ်လေးပါး ရှုနည်းပြရာ၌ ကြာရှည်သော သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ လျောင်းမှု ဣရိယာပုထ်တို့ကို ရည်ညွှန်း၏။ ကြာရှည်စွာ သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ လျောင်းမှုတို့၌ ဥပါဒါနက္ခန္ဓာငါးပါး (ရုပ်နာမ်တရား) တို့ကိုလည်း၊ အကြောင်းနှင့်တကွဖြစ်သော ထိုဥပါဒါနက္ခန္ဓာငါးပါးတို့ကို အနိစ္စ ဒုက္ခ အနတ္တ ဟု ဝိပဿနာရှုရန် ရည်ညွှန်း၏။ **(မ၊၄၊၁၊၂၇၃)**

## သမ္ပဇဉ= အသေးစိပ်အမူအရာများ

၁။ ရှေ့သို့တက်မှု၊ နောက်သို့ဆုတ်မှု၊

၂။ တည့်တည့်ကြည့်မှု၊ စောင်းငဲ့ကြည့်မှု၊

၃။ ကွေးမှု၊ ဆန့်မှု၊

၄။ နှစ်ထပ်သင်္ကန်း၊ သပိတ် အခြားသင်္ကန်းများကို ဆောင်ယူအသုံးပြုမှု၊

၅။ စားမှု၊ သောက်မှု၊ ခဲမှု၊ လျက်မှု၊

၆။ ကျင်ကြီးစွန့်မှု၊ ကျင်ငယ်စွန့်မှု၊

၇။ သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ အိပ်မှု၊ နိုးမှု၊ စကားပြောမှု၊ တိတ်ဆိတ်စွာနေမှုတို့၌ သမ္ပဇဉ်ဉာဏ်ဖြင့် နေလေ့ရှိ၏။

အသေးစိပ်အမူအရာရှုရာတွင်

ရှေ့သို့သွားမှု၊ နောက်သို့ဆုတ်မှု၊ တည့်တည့်ကြည့်မှု၊ စောင်းငဲ့ကြည့်မှု၊ ကွေးမှုဆန့်မှု (၆) ဌာနတို့သည် အလယ်အလတ်စားဖြစ်သော ဣရိယာပုထ်များကို ရည်ညွှန်း၏။

ဆွမ်းခံမှုစသော ဣရိယာပုထ်အခိုက်အတန့်၌ ဥပါဒါနက္ခန္ဓာငါးပါးတို့ကိုလည်း၊ အကြောင်းနှင့်တကွဖြစ်သော ထိုဥပါဒါနက္ခန္ဓာတို့ကိုလည်း အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုရန် ရည်ညွှန်း၏။ **(မ၊၄၊၁၊၂၇၃)**

အသေးစိပ်အမှုအရာရှုရာတွင်

သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ အိပ်မှု၊ နိုးမှု၊ (၅) ဌာနတို့သည် အသေးစား အတိုဆုံး ဣရိယာပုထ်တို့ကို ရည်ညွှန်း၏။

ကျောင်းအတွင်း၊ သွားမှု၊ ရပ်မှု၊ ထိုင်မှုစသော အသေးစား အတိုစား ဣရိယာပုထ်တို့၌ ဥပါဒါနက္ခန္ဓာငါးပါးတို့ကိုငင်း၊ အကြောင်းနှင့်တကွဖြစ်သော ထိုဥပါဒါနက္ခန္ဓာတို့ကိုငင်း၊ အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုရန် ရည်ညွှန်း၏။ (မဋ္ဌ၊၁၊၂၇၃)

## တိပိဋကမဟာသီဝမထေရ်မြတ်၏အယူအဆ

သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ လျောင်းမှု၊ ဣရိယာပုထ်ရှုနည်း

ရှေ့သို့သွားမှု၊ နောက်သို့ဆုတ်မှု၊ တည့်တည့်ကြည့်မှု၊ စောင်းငဲ့ကြည့်မှု၊ ကွေးမှု၊ ဆန့်မှု၊ - သမ္ပဇည အသေးစိပ်ရှုနည်းတို့သည် သွားနေဆဲ ရပ်နေဆဲစသော အခိုက်အတန့်တို့၌ ဥပါဒါနက္ခန္ဓာငါးပါး ကိုငင်း၊ အကြောင်းနှင့်တကွဖြစ်သော ထိုဥပါဒါနက္ခန္ဓာငါးပါးကိုငင်း၊ အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုရန် ရည်ညွှန်း၏။

သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ အိပ်မှု၊ နိုးမှု၊ စကားပြောမှု၊ စကားမပြောဘဲ တိတ်ဆိတ်စွာနေမှု အသေးစိတ်ရှုနည်းတို့သည် ထိုဣရိယာပုထ်တို့ ပြုပြီးရာအခါ၌ ဖြစ်ခဲ့ပြီးသော ဥပါဒါနက္ခန္ဓာငါးပါးကိုငင်း၊ အကြောင်းနှင့်တကွဖြစ်သော ထိုဥပါဒါနက္ခန္ဓာငါးပါးကိုငင်း၊ အနိစ္စ ဒုက္ခ အနတ္တဟု ဝိပဿနာရှုရန် ရည်ညွှန်း၏။ **(မဋ္ဌ၊၁၊၂၇၃-၄)**

## ကာရိယာပုထ်ရှုနည်း

၁။ အစအဦးဆုံးဖြစ်သော သွားချင်စိတ်၊ ရပ်ချင်စိတ်၊ ထိုင်ချင်စိတ်၊ လျောင်းချင်စိတ် (ချင်စိတ်၊ စိတ်ဦး) ကို သိအောင် သတိကပ်ပြီး ရှုရမည်။

၂။ ချင်စိတ်ကြောင့် ဝါယောဓာတ်အဆင့်ဆင့် ထောက်ကန်မှု၊ တွန်းကန်မှုသဘောကို သိအောင် ရှုရမည်။

၃။ ဝါယောဓာတ်နှင့် အတူဖြစ်သော အခြားဓာတ်များ၏ သဘောကို သိအောင် ရှုရမည်။

ဆိုလိုရင်း အဓိက (၃) ချက်မှာ (၁) ချင်စိတ် (၂) ဝါယောဓာတ်၏သဘော (၃) အခြားဓာတ်များ၏ သဘောကို သိအောင်ရှုရမည်။

## ကာရိယာပုထ်ရှုနည်း တစ်နည်း

ရဟန်း၏ရုပ်တရားအပေါင်းကို တည်ရှိနေတိုင်း ဖြစ်နေတိုင်းသော အမူအရာအားဖြင့် သိအောင် ရှု၏။ (မ၊၁၊၇၁)

**ရှေ့ (ပဌမ) ကာရိယာပုထ်ရှုနည်းသည်** ကာရိယာပုထ်တစ်မျိုးစီ၏ ရှုနည်းကို ဟောထား၏။

**နောက် (ဒုတိယ) ကာရိယာပုထ်ရှုနည်းကား** ကာရိယာပုထ်လေးပါးကို တပေါင်းတည်း သိမ်းယူ၍ ဟောထား၏။

နောက် (ဒုတိယ) ကာရိယာပုထ်ရှုနည်း ဆိုလိုရင်းမှာ

သွားမှုအချင်းအရာအားဖြင့် တည်ရှိနေသော ရုပ်တရားအပေါင်းကို သွား၏ဟု သိအောင် ရှုရမည်။ ရပ်မှု၊ ထိုင်မှု၊ လျောင်းမှုအချင်းအရာအားဖြင့် တည်ရှိနေသော ရုပ်တရားအပေါင်းကို ရပ်၏၊ ထိုင်၏။ လျောင်း၏၊-ဟု သိအောင် ရှုရမည်။ **(မဋ္ဌ၊၁၊၂၅၇။ မဋီ၊၁၊၃၅၃)**

### ဋီကာဆရာတော်၏အဖွင့် တစ်နည်း

ရှေ့ (ပဌမ) ကာရိယာပုထ်ရှုနည်းသည် ပဓာနရုပ်ကို သိအောင် ရှုရမည်။ နောက် (ဒုတိယ) ကာရိယာပုထ်ရှုနည်းကား အပဓာနရုပ်ကို သိအောင် ရှုရမည်။ **(မဋီ၊၁၊၃၅၃)**

# သမ္မာဉာဏ်=အသေးစိပ်အမှုအရာ ရှုနည်း

၁။ အစအဦးဆုံးဖြစ်သော ရှေ့သို့သွားချင်စိတ်၊ နောက်သို့ ဆုတ်ချင်စိတ်၊ (ချင်စိတ်၊စိတ်ဦး) ကို သိအောင် သတိကပ်ပြီး ရှုရမည်။

၂။ ချင်စိတ်ကြောင့် ဝါယောဓာတ်၏ ထောက်ကန်မှု၊ တွန်းကန်မှုသဘောကို သိအောင် ရှုရမည်။

၃။ ဝါယောဓာတ်နှင့် အတူဖြစ်သော အခြားဓာတ်များ၏ သဘောကို သိအောင် ရှုရမည်။

**သမ္မဇဉ်ဟူသည်**

သမ္မဇဉ်= သံ+ပ+ဇာန

မှန်ကန်စွာ ပြည့်စုံစွာ ကိုယ်တိုင်, အပြားအားဖြင့် ထူးခြားစွာ သိမှု

သဘာဝလက္ခဏာ၊ သာမညလက္ခဏာ၊ သင်္ခတလက္ခဏာတို့ကို မှန်ကန်စွာ ပြည့်စုံစွာ ကိုယ်တိုင်၊ အပြားအားဖြင့် ထူးခြားစွာ သိမှုသည် သမ္မဇဉ် ဖြစ်သည်။

## ၁။ သဘာဝလက္ခဏာကို သိခြင်း

**(က)** ရုပ်ဖြစ်လျှင် ရုပ်သဘာဝလက္ခဏာကို သိခြင်း

(ပထဝီရုပ်= မာမှုသဘော၊ အာပေါရုပ်= ယိုစီးမှုသဘော၊

တေဇောရုပ်= ပူမှုသဘော၊ ဝါယောရုပ်= ထောက်ကန်မှုသဘောစသည်ကို သိခြင်း)

နာမ်ဖြစ်လျှင် နာမ်သဘာဝလက္ခဏာကို သိခြင်း

(စိတ်=အာရုံကို သိခြင်းသဘော၊ ဖဿ= အာရုံကို တွေ့ထိခြင်းသဘော၊

ဝေဒနာ= အာရုံ၏အရသာကို ခံစားခြင်းသဘော၊ သညာ= အာရုံကို မှတ်သားခြင်းသဘော စသည်ကို သိခြင်း)

**(ခ)** ကြောင်းကျိုးသဘာဝကို သိခြင်း

ရုပ်သဘာဝ၊ နာမ်သဘာဝတို့၏ ကြောင်းကျိုးဆက်စပ်ဖြစ်နေမှုသဘောကို သိခြင်း

## ၂။ သာမညလက္ခဏာကို သိခြင်း

ကြောင်းကျိုးဆက်စပ်ဖြစ်နေသော ရုပ်သဘာဝ နာမ်သဘာဝတို့၏ အနိစ္စသဘော၊ ဒုက္ခသဘော၊ အနတ္တသဘောတို့ကို သိခြင်း

## ၃။ သင်္ခတလက္ခဏာကို သိခြင်း

ကြောင်းကျိုးဆက်စပ်ဖြစ်သော ရုပ်သဘာဝ နာမ်သဘာဝတို့၏ ဉပါဒ်၊ ဌီ၊ ဘင်
(ဖြစ်၊တည်၊ပျက်) (အစ၊ အလယ်၊ အဆုံး) ကို သိခြင်းတို့ကို ဆိုလိုသည်။ **(မ၊ဋ္ဌ၊၁၊၂၅၈)**

## သမ္ပဇည (၄) ပါး

၁။ သာတ္ထကသမ္ပဇဉ်

၂။ သပ္ပါယသမ္ပဇဉ်

၃။ ဂေါစရသမ္ပဇဉ်

၄။ အသမ္မောဟသမ္ပဇဉ်

၁။ ရှေ့သို့သွားမှုစသော ကိစ္စတစ်ခုကို ပြုလုပ်လိုလျှင် ချက်ချင်းမပြုလုပ်သေးဘဲ အကျိုးရှိ/မရှိကို ရှေးဦးစွာ စဉ်းစားဆင်ခြင်ရမည်။ ဆင်ခြင်ပြီးလျှင် အကျိုးရှိလျှင် ပြုလုပ်ရမည်၊ အကျိုးမရှိလျှင်ကား မပြုလုပ်ဘဲ နေရမည်၊ ထိုသို့ အကျိုးရှိ/မရှိကို ရှေးဦးစွာ စဉ်းစားဆင်ခြင်သော ဉာဏ်သည် သာတ္ထကသမ္ပဇဉ် ဖြစ်၏။

၂။ အကျိုးရှိသည့်အမှုကိစ္စပင်ဖြစ်သော်လည်း သင့်၊မသင့် တော်၊မတော်ကို စဉ်းစားဆင်ခြင်ရမည်၊ ဆင်ခြင်ပြီးလျှင် သင့်မှ တော်မှ ပြုလုပ်ရမည်၊ မသင့် မတော်လျှင် မပြုလုပ်ဘဲ နေရမည်၊ ထိုသို့ သင့်၊မသင့် တော်၊မတော်ကို စဉ်းစားဆင်ခြင်သောဉာဏ်သည် သပ္ပါယသမ္ပဇဉ်ဖြစ်၏။

ဤသာတ္ထကသမ္ပဇဉ်၊ သပ္ပါယသမ္ပဇဉ် နှစ်ပါးတို့သည် လောကီလောကုတ္တရာ နှစ်ပါးလုံး၌ပင် ကျေးဇူးများကြ၏။ ယင်းနှစ်ပါးနှင့် ပြည့်စုံလျှင် လောက၌လည်း ကြီးပွားချမ်းသာတတ်၏။ သမထ၊ ဝိပဿနာ ဘာဝနာအရာ၌လည်း သမာဓိ ပညာတို့ကို လျင်မြန်စွာ ပြည့်စုံစေနိုင်၏။

သို့သော်လည်း ဤသမ္ပဇဉ်နှစ်ပါးတို့သည် သမထလည်းမဟုတ်သေး ဝိပဿနာလည်း မဟုတ်သေးပါ။ သမထ ဝိပဿနာတို့၏ အခြေခံ အထောက်အပံ့မျှသာ ဖြစ်၏။ ဤသမ္ပဇဉ်နှစ်ပါးကိုပင် ပါရိဟာရိကပညာဟု ဝိသုဒ္ဓိမဂ်၌ ခေါ်ဆို၏။

၃။ သမထကမ္မဋ္ဌာန်းအာရုံတစ်ခုခု၊ ဝိပဿနာကမ္မဋ္ဌာန်းအာရုံတစ်ခုခုကို အမြဲမပြတ် ဆင်ခြင်နှလုံးသွင်းနေသော ဉာဏ်သည် ဂေါစရသမ္ပဇဉ်ဖြစ်၏။

**ဂေါစရသမ္ပဇဉ် (၄) ပါး**

(က) အသွားမှာသာ ဆောင်၍ အပြန်မှာ မဆောင်သော ရဟန်း

(ခ) အသွားမှာ မဆောင်မူ၍ အပြန်မှာ ဆောင်သော ရဟန်း

(ဂ) အသွားအပြန် နှစ်ပါးလုံးမှာ မဆောင်သော ရဟန်း

(ဃ) အသွားအပြန် နှစ်ပါးလုံးမှာ ဆောင်သော ရဟန်း (ဂတပစ္စာဂတိကကျင့်ဝတ်)

၄။ ပရမတ္ထ (အမှန် အရှိ) သဘောအားဖြင့်

ရုပ်ဓာတ် နာမ်ဓာတ် (ရုပ်နာမ်တရား) တို့၏သာ သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ လျောင်းမှုတို့ ဖြစ်ကြ၏။ (မှန်၏၊ ထိုသွားမှုစသော အရာ၌ ရုပ်တရားနှင့် ပြိုင်၍ဖြစ်သော စိတ်သည် တခြားဖြစ်၏။ ထိုရုပ်တရားနှင့် ပြိုင်၍ချုပ်သော စိတ်သည် တခြားဖြစ်၏။ ရှေ့စိတ်နောက်စိတ်တို့၏ အစဉ်သည် အကြားအလပ် မရှိရအောင် အစဉ်ဆက်စပ်ပြီး မြစ်ရေအလျင်သည် အဆက်မပြတ် စီးဆင်းနေသကဲ့သို့ ဖြစ်ပေါ်နေ၏ဟု သိ၏။) ဤသို့ ရှေ့သို့သွားမှုစသည်တို့၌ မတွေမဝေ အမှန်အတိုင်းသိသော ဉာဏ်သည် အသမ္မောဟ သမ္ပဇဉ်ဖြစ်၏။ (**မ၊၄၊၁၊၂၆၅**)

ရှေ့သို့သွားမှုစသည်တို့ကို ဓာတ်စသည်၏ အစွမ်းဖြင့် အပြားအားဖြင့် အမှန်အတိုင်း သိသောဉာဏ်သည် အသမ္မောဟသမ္ပဇဉ်ဖြစ်၏။ (**မူလဋီ၊၁၊၉၂**)

ရုပ်နာမ်ပရမတ္ထတရားတို့၏ သဘာဝလက္ခဏာ၊ သာမညလက္ခဏာ၊ သင်္ခတလက္ခဏာတို့ကို ရှုမှတ်ဆင်ခြင် သိမြင်သော ဉာဏ်သည် အသမ္မောဟသမ္ပဇဉ်ဖြစ်၏။